## ၁၆။ ကြံအဝါရောင်ပျပိုး

**Yellow Sugarcane Aphids : *Melanaphis sacchari* (Zehntner, 1897)**

**Hemiptera : Aphididae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ





အကောင်ကြီးသည်ကျရောက်သောသီးနှံနှင့်ပတ်ဝန်းကျင်အပေါ်မူတည်၍အဝါရောင်ဖျော့မှဝါညို ရောင်(သို့) ခရမ်းညိုရောင်(သို့)ပန်းရောင်ရှိသည်။ အရှည်မှာ(၁.၁-၂.၀)မီလီမီတာရှိသည်။

### ဖျက်ဆီးပုံလက္ခဏာများ





အရွက်များ အဝါရောင်သန်းပြီး ခြောက်သွားသည်။ အရွက်များကြွတ်ဆတ်လာပြီး လုံး၀ ခြောက်သွား ကြသည်။အပင်ပုစေသည်။ ရေငတ်သောအပင်များ တွင် ကျရောက်တတ်သည်။ ပျားရည်ချိုအလွန်အကျွံထုတ်ပေးခြင်းကြောင့် ကြပ်ခိုးမှိုကို ဖြစ်စေသည်။

### ဘဝစက်ဝန်း

အကောင်ကြီး – ( ၂၁-၂၈ )ရက်

စုစုပေါင်းဘဝစက်ဝန်း-(၅-၇)ရက် (နွေရာသီ)

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ပတ်ဝန်းကျင်ရှိ ပေါင်းမြက်များကို ရှင်းလင်းပါ။

(၂) ဖျက်ပိုးဒဏ်ခံနိုင်ရည်ရှိသောမျိုးများအားရွေးချယ်စိုက်ပျိုးပါ။

(၃) အဝါရောင်ပိုးဖမ်းထောင်ချောက်တပ်ဆင်၍အကောင်ကြီးများအားဖမ်းယူပါ။

(၄)နံနက်စောစော စိုက်ခင်းပတ်ဝန်းကျင် လေတင်ဘက်မှ မီးခိုးမှိုင်း တိုက်ပါ။

(၅)မစိုက်မီ ကြံဆစ်ပိုင်းများအားအီမီဒါကလိုပရစ်(Imidacloprid 600 FS/ Imidacloprid 70 SS) ဆေးများဖြင့်လူးနယ်စိုက်ပျိုးပါ။

(၆)ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်း အ တိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေး(Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- အဆီတာမီပရစ် (Acetamiprid)